ကြို့တင်ပေးပို့သည့်မိတ္တူ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဝန်ကြီးရုံး

နေပြည်တော်

**“အမိန့်ကြော်ငြာစာအမှတ် (၂၄၂/၂၀၁၆ )”**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ ၃၀ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံဗိသုကာကောင်စီနှင့်ညှိနှိုင်းပြီး မြန်မာနိုင်ငံဗိသုကာကောင်စီ ဥပဒေ ပုဒ်မ ၅၂၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မြန်မာနိုင်ငံဗိသုကာကောင်စီနည်းဥပဒေများ** ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံဗိသုကာကောင်စီ ဥပဒေ တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေဆိုသည်မှာ မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကိုဆိုသည်။

(ခ) ဝန်ကြီးဌာနဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများကိုဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်သော တာဝန်ခံဝန်ကြီးဌာနဖြစ်သည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) ကျင့်ဝတ်သိက္ခာဆိုသည်မှာ ဗိသုကာဆိုင်ရာ ကျင့်ဝတ်သိက္ခာကိုဆိုလိုသည်။

(ဃ) ဗိသုကာဆိုင်ရာ ကျင့်ဝတ်သိက္ခာဆိုသည်မှာ ဗိသုကာများ၏ ခံယူချက်များ၊ ဗိသုကာ များ၏ ကတိဝန်ခံချက်များနှင့် ဗိသုကာများ၏ အတတ်ပညာဆိုင်ရာ တာဝန်နှင့်ဝတ္တရား များကို ဆိုသည်။

(င) ပညာရှင်အသိအမှတ်ပြုလွှာ ဆိုသည်မှာ နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင် လက်မှတ် ထုတ်ပေးရန်အလို့ငှာ နိုင်ငံခြားသားဗိသုကာပညာရှင် ရရှိထားသော ပညာရှင်လိုင်စင် ကို အသိအမှတ်ပြုကြောင်း အကြောင်းကြားစာကို ဆိုသည်။

(စ) ဗိသုကာဆိုင်ရာအတိုင်ပင်ခံလုပ်ငန်းဆိုသည်မှာ ဗိသုကာပညာရပ်ဆိုင်ရာ စီမံချက်၊ အရည်အသွေးနှင့်စံချိန်စံညွှန်းသတ်မှတ်ချက်၊ ဗိသုကာပုံစံများ၊ လုပ်ငန်း

ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းနှင့် မှတ်တမ်းများပြုစု ဆောင်ရွက်ခြင်းနှင့် တည်ဆောက်မှုအပိုင်းတွင် ကြီးကြပ်ကွပ်ကဲစီမံခန့်ခွဲခြင်းကို ဗိသုကာအနေဖြင့်သော် လည်းကောင်း၊ ဗိသုကာပညာပိုင်းဆိုင်ရာ အတိုင်ပင်ခံ အနေဖြင့်သော် လည်းကောင်း လုပ်ကိုင်ခြင်းကို ဆိုသည်။

ဆောက်လုပ်ရေး ★ ★ ဝန်ကြီးရုံး

## အခန်း(၂)

## မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဖွဲ့စည်းခြင်း

### ဗိသုကာကောင်စီ ဖွဲ့စည်းခြင်း

၃။ ကောင်စီသည် ကောင်စီဥက္ကဋ္ဌကို အောက်ပါအတိုင်းရွေးကောက်တင်မြှောက်ရမည်-

(က) ကောင်စီဝင်များသည် မိမိအပါအဝင်နှစ်သက်ရာ ကောင်စီဝင် တစ်ဦးဦးကို ဥက္ကဋ္ဌလောင်းအဖြစ် ကောင်စီသို့ အမည်စာရင်း တင်သွင်းနိုင်သည်။

(ခ) ကောင်စီသည် အမည်စာရင်း တင်သွင်းလွှာများကို စိစစ်ပြီး ဥက္ကဋ္ဌလောင်းများ အမည်စာရင်းကို ထုတ်ပြန်ကြေညာရမည်။

(ဂ) ကောင်စီဝင်များသည် ဥက္ကဋ္ဌလောင်းများ အမည်စာရင်းထဲမှ မိမိနှစ်သက်သူကို လျှို့ဝှက်စနစ်ဖြင့် ဆန္ဒမဲပေးရွေးချယ်ရမည်။

(ဃ) ကောင်စီသည် မဲများကိုကောင်စီဝင်များ ရှေ့မှောက်တွင် ရေတွက်ပြီး ဆန္ဒမဲအများဆုံး ရသော ဥက္ကဋ္ဌလောင်းကို ကောင်စီဥက္ကဋ္ဌအဖြစ် ကြေညာရမည်။ အကယ်၍ ဥက္ကဋ္ဌလောင်းတစ်ဦးထက်ပိုပြီး တူညီသော မဲအရေအတွက်ရလျှင် အဆိုပါ မဲအရေ အတွက် တူညီသော ဥက္ကဋ္ဌလောင်းများကို နောက်တစ်ကြိမ် လျှို့ဝှက်မဲစနစ်ဖြင့် ပြန်လည် ရွေးကောက် တင်မြှောက်ရမည်။

၄။ ကောင်စီသည် ကောင်စီဒုတိယဥက္ကဋ္ဌနှစ်ဦးကို အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ရမည်-

(က) ကောင်စီဝင်များသည် မိမိအပါအဝင် နှစ်သက်ရာ ကောင်စီဝင် တစ်ဦးဦးကို ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် ကောင်စီသို့ အမည်စာရင်း တင်သွင်းနိုင်သည်။

(ခ) ကောင်စီသည် အမည်စာရင်း တင်သွင်းလွှာများကို စိစစ်ပြီး ဒုတိယဥက္ကဋ္ဌလောင်းများ အမည်စာရင်းကို ထုတ်ပြန်ကြေညာရမည်။

(ဂ) ကောင်စီဝင်များသည် ဒုတိယဥက္ကဋ္ဌလောင်းများ အမည်စာရင်းထဲမှ မိမိနှစ်သက်သူ နှစ်ဦးကို လျှို့ဝှက်စနစ်ဖြင့် ဆန္ဒမဲပေးရွေးချယ်ရမည်။

(ဃ) ကောင်စီသည် မဲများကို ကောင်စီဝင်များရှေ့မှောက်တွင် ရေတွက်ပြီး ဆန္ဒမဲအများဆုံးရသော ဒုတိယဥက္ကဋ္ဌလောင်းနှစ်ဦးကို ဒုတိယဥက္ကဋ္ဌများအဖြစ် ကြေညာရမည်။ အကယ်၍ ဒုတိယဥက္ကဋ္ဌလောင်းနှစ်ဦးထက်ပို၍ တူညီသော မဲအရေအတွက်ရလျှင် အဆိုပါမဲအရေအတွက်တူညီသော ဒုတိယဥက္ကဋ္ဌလောင်းများကို နောက်တစ်ကြိမ် လျှို့ဝှက်မဲစနစ်ဖြင့် ပြန်လည်ရွေးကောက် တင်မြှောက်ရမည်။